Australian Government
Services Australia

BURMESE

# ဧလေ့ထုံးတမ်းပေါင်းစုံ သုံးစွဲသူများအတွက် သတင်းအချက်အလက်နှင့် အကူအညီ

## Services Australia မှ သတင်းအချက်အလက်နှင့် အကူအညီများကို သင့်ဘာသာစကားဖြင့် ရယူနိုင်ကြောင်း သင်သိပါသလား။

Centrelink ထောက်ပံ့ကြေးနှင့် ဝန်ဆောင်မှုများအကြောင်း သင့်ဘာသာစကားဖြင့် ပြောဆိုရန် တနင်္လာမှ သောကြာ နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း **131 202** သို့ ဖုန်းခေါ်ပါ။ ဝန်ထမ်းများက သင့်မေးခွန်းများကို ဖြေကြားပေးနိုင်ပါသည်။

သင် ဖုန်းခေါ်သောအခါ-

- သင့် Centrelink Reference Number (CRN) သို့မဟုတ် Customer Access Number (CAN) လိုအပ်ပါမည်။
- သင့် CRN သို့မဟုတ် CAN မပေးပါက ထိုစကားပြောသံကို အင်္ဂလိပ် (English) ဘာသာဖြင့် ၃ ကြိမ် ကြားရပါမည်။ တတိယအကြိမ်ပြီးနောက် မည်သည့်ဘာသာလဲဟုမေးသော 'What language please' အသံ ကြားရမည်။
- သင့်ဘာသာစကားအမည်ကို အင်္ဂလိပ် (English) ဘာသာဖြင့် ပြောပါ။
- သင့်ဘာသာကို အတည်ပြုရန် မေးပါမည်။
- ထို့နောက် ရွေးရန် ၆ ခုအနက်မှ သင့်ဖုန်းခေါ်ရခြင်းအကြောင်းကို ရွေးပါ။
- ဝန်ထမ်းတစ်ဦးမှ သင့်ဖုန်းကို ဖြေကြားသည်အထိ စောင့်ပါ။

Medicare နှင့် Child Support (ကလေးစရိတ်) သို့ ဖုန်းခေါ်သည့်အခါ စကားပြန်တစ်ဦးကို တောင်းနိုင်ပြီး အခမဲ့ စီစဉ်ပေးပါမည်။

Medicare အတွက် **132 011** သို့ တနင်္လာမှ သောကြာ နံနက် ၇ နာရီမှ ည ၁၀ နာရီအတွင်း၊ စနေနှင့် တနင်္ဂနွေ နံနက် ၇ နာရီမှ ညနေ ၇ နာရီအတွင်း ဖုန်းခေါ်ပါ။

Child Support (ကလေးစရိတ်) အတွက် တနင်္လာမှ သောကြာ နံနက် ၈:၃၀ နာရီမှ ညနေ ၄:၄၅ နာရီအတွင်း **131 272** သို့ ဖုန်းခေါ်ပါ။

ဝန်ဆောင်မှုဌာနများသို့ သွားသည့်အခါ စကားပြန်တစ်ဦး တောင်းနိုင်ပါသည်။ ဝန်ထမ်းများကို အသိပေးပါ၊ စကားပြန်တစ်ဦး အခမဲ့ စီစဉ်ပေးပါမည်။ ထောက်ပံ့ငွေ သို့မဟုတ် ဝန်ဆောင်မှုများ တောင်းဆိုရာတွင် အထောက်အကူဖြစ်စေမည့်စာရွက်စာတမ်းများ ဘာသာပြန်ဆိုရန် လိုအပ်ပါက၊ ၎င်းကိုလည်း အခမဲ့ စီစဉ်ပေးနိုင်ပါသည်။

ကျွန်ုပ်တို့တွင် ဧလေ့ထုံးစံပေါင်းစုံအဖွဲ့များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်သော Multicultural Service Officers ဟုခေါ်သော ဝန်ထမ်းများ ရှိပါသည်။ ထောက်ပံ့ငွေများနှင့် ဝန်ဆောင်မှုများအကြောင်းများ ဟောပြောရှင်းလင်းပေးရန်အတွက် ၎င်းတို့သည် ရပ်ရွာပွဲများသို့ သွားသည့်အပြင် အခြားအဖွဲ့အစည်းများသို့ သွားကြပါသည်။ ၎င်းတို့သည် ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များအား မည်သို့ အကူအညီရနိုင်ကြောင်း အသိပေးကြပါသည်။

ထောက်ပံ့ငွေများနှင့် ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များကို ဘာသာစကား ၆၅ မျိုးကျော်ဖြင့် ဖတ်ရှု၊ ကြည့်ရှု သို့မဟုတ် နားထောင်နိုင်ရန် **servicesaustralia.gov.au/burmese** သို့ သွားပါ။

ENGLISH

# Information and help for multicultural customers

## Do you know you can get information and help from Services Australia in your language?

To speak to someone in your language about Centrelink payments and services call **131 202,** Monday to Friday from 8 am to 5 pm. Our staff can answer your questions.

When you call us:

- you will need your Centrelink Reference Number (CRN) or Customer Access Number (CAN).
- If you do not give your CRN or CAN you will hear the recording 3 times in English (English). After the third time, the voice will say 'What language please'?
- say the name of your language in English (English).
- We will ask you to confirm your language.
- next choose the reason for your call from the 6 options.
- please wait until a staff member answers your call.

You can also ask for an interpreter when you call Medicare and Child Support and we will arrange one for free.

For Medicare call **132 011** Monday to Friday from 7 am to 10 pm, and Saturday and Sunday 7 am to 7 pm.

For Child Support call **131 272** Monday to Friday 8:30 am to 4:45 pm.

You can ask for an interpreter when you go to our service centres. Just let our staff know and they will arrange one for free. If you need documents translated to help you claim a payment or services, we can also arrange it for free.

We have staff called Multicultural Service Officers who work with multicultural groups and community organisations. They go to community events and visit other organisations to share information about our payments and services. They let migrants and refugees know how they can get help from us.

Go to **servicesaustralia.gov.au/burmese** where you can read, watch or listen to information about our payments and services in over 65 languages.